*လူထုကနေ လူထုအတွက် သစ္စာအရှိဆုံးဖြစ်မယ်လို့ ယုံကြည်တဲ့ ရွေးချယ်ခံခေါင်းဆောင်တွေက ဦးဆောင်အစိုးရပြီး လုပ်ကိုင်မှသာ တိုင်းပြည်ဟာ ပိုမိုတိုးတက်တယ်လို့ ယုံကြည်တဲ့အတွက်– အခုလာမယ့် ရွေးကောက်ပွဲကို ကျနော်တို့ဝင်ကြတာ မဟုတ်ဘူးလား*

*အခု စစ်တပ်က နိုင်ငံရေးအပြောင်းအလဲလုပ်တာဟာ လူထုနဲ့ နိုင်ငံတကာ ကြိုက်တဲ့ပုံစံမျိုး မဖြစ်ကောင်းမဖြစ်နိုင်ပေမယ့် တဖက်မှာ– သူတို့အတွက်တော့ အနှစ် (၂၀) အတွင်းမှာ အကြီးဆုံး ပြောင်းလဲမှုကြီးဖြစ်တယ်။ အကောင်းလား၊ အဆိုးလားဆိုတာကတော့ ပြောဖို့ခက်နေတဲ့အချိန်ဖြစ်နေပေမယ့် ဘာပဲဖြစ်ဖြစ် ဒါဟာ လူထုနဲ့ နိုင်ငံရေးသမားများ အတွက်တော့ အချိန်ကောင်းမှာ အသုံးချတတ်ရင် မမှားနိုင်ဘူး*

## Chin National Party (CNP) ၏ အထွေထွေအတွင်းရေးမှူး **Salai Ceu Bik Thawng** နှင့် အင်တာဗျူး



One Chin Organization (OCO) ဟုခေါ်သော ပညာရေးထောက်ပံ့ရေးအဖွဲ့အစည်းတွင် အထွေထွေအတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်လျက်ရှိပြီး၊ Tlangau ဟုအမည်ပေးထားသော လစဉ်ထုတ်ချင်းနိုင်ငံရေးစာစောင်၏ ထုတ်ဝေသူနှင့် အယ်ဒီတာချုပ်ဖြစ်ကာ၊ မြန်မာစစ်အစိုးရမှ ကျင်းပပြုလုပ်ပေးမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖွဲ့စည်းထားသော ချင်းအမျိုးသားပါတီ (CNP) ၏ အထွေထွေအတွင်းရေးမှူး Salai Ceu Bik Thawng နှင့် Chin World (www.chinworld.info) အင်တာဗျူးခွင့်ရရှိခဲ့ပါ သည်။

**CW ။** ။ခင်ဗျားရဲ့ မိဘများနဲ့ မွေးရပ်ဇာတိအကြောင်းကနေ စတင်လိုက်ရအောင်နော်။

**CBT ။** ။ ကျနော့် မိဘများကတော့– Rev. Tlir Hnin+ Pi Ni Thluai တို့ဖြစ်ကြပါတယ်။ ကျနော့်ဖခင်က ထန်တလန်မြို့နယ် Dawn khua ကျေးရွာကနေ Thangzang khua ရွာမှာ ဓမ္မအမှုတော်ဆောင်ပြီး ကျနော့်ကိုလည်း အဲဒီရွာမှာပဲ မွေးဖွားခဲ့ပါတယ်။

**CW ။** ။ ပညာရေးဖြတ်သန်းမှုနဲ့ပတ်သက်ပြီးတော့မှကော သိပါရစေ။

**CBT ။** ။ကျနော့်ဖခင်ဟာ ကျေးရွာငယ်ကလေးတခုရဲ့ ဓမ္မအမှုတော်ဆောင်မျှသာဖြစ်တာကြောင့် ကျနော်တို့ဟာ ငွေကြေးအားဖြင့် ဆင်းရဲချို့တဲ့သူများဖြစ်ပြီး အခုထက်ထိ တက္ကသိုလ်ပညာကို မသင်ယူနိုင်ပါဘူး။ ၂၀၀၃ ခုနှစ်မှာ MIT ကနေ BARS ကို သင်ယူခဲ့ပေမယ့် ငွေကြေးအခက်အခဲအမျိုးမျိုးကြောင့် နားတလှည့်၊ သင်တလှည့်နဲ့ ၂၀၀၈ ခုနှစ်ကြမှ ပြီးနိုင်ခဲ့တယ်။ ဒါ့အပြင်ကတော့ British Council မှာ တက်တဲ့ သင်တန်းတက်တာမျိုးလေးတွေကလွဲရင်တော့ ဘာမှမရှိပါဘူး။

**CW ။** ။ ချင်းပြည်အတွက် လုပ်ရှားပေးဆပ်ခဲ့မှုများနဲ့ ပတ်သက်ပြီး သိပါရစေ။

**CBT ။** ။ ယနေ့အထိတော့ ချင်းလူမျိုးအတွက် နိုင်ငံရေးအားဖြင့် လုပ်ကိုင်ခဲ့မှုတော့ မရှိသေးပါဘူး။ ဒါပေမယ့် အခု အထွေထွေအတွင်းရေးမှူးတာဝန်ယူထားတဲ့ အလုပ်တွေထက် ပိုပြီး အရေးကြီးပြီး ခက်ခဲတာတွေကို ချင်း

www.chinworld.info

လူမျိုးအတွက် အများကြီးလုပ်ခဲ့တာရှိတယ်လို့တော့ ပြောပါရစေ။ ဒါတွေကိုတော့– လူထုကသိချင်တယ်ဆိုရင်တော့ တနေ့မှာ ကျနော်ဖွင့်ပြောဖြစ်မယ်လို့ ယုံကြည်တယ်။ အခုလောလောဆယ်ပြောနိုင်တာကတော့– One Chin Organization မှာ organizer ၊ ‘Tlangcung Mino Pawlkom’ AEY မှာ projects organizer ၊ ဟားခါးဒေသစကားနဲ့ လစဉ်ထုတ်ဝေတဲ့ vol. 4 အထိထွက်ပြီးဖြစ်တဲ့ Tlangau Monthly Politics Journal မှာ အယ်ဒီတာချုပ်တွေကို တာဝန်ယူလုပ်ကိုင်နေပါတယ်။

**CW** ။ ။ အသက်မွေးဝမ်းကြောင်းအနေနဲ့ကော ဘာအလုပ်လုပ်နေပါသလဲ။

**CBT**။ ။ ၂၀၀၈ ခုနှစ်မှာ ကျောင်းပြီးခဲ့ပေမယ့် **OCO** နဲ့ ချင်းနိုင်ငံရေးမှာ ကျနော်ပါဝင်ပေးဆပ်နိုင်သလောက် ပေးဆပ်လုပ်ကိုင်နေတဲ့အတွက် လခအနေဖြင့်ယူပြီး အလုပ်လုပ်ကိုင်မှုကတော့ ယနေ့အထိ မလုပ်သေးသလို လုပ်ဖို့လည်း မစဉ်းစားပါဘူး။ ညီအကိုမောင်နှမများနဲ့ ရန်ကုန်မှာရှိတဲ့ ကျနော့်ကို ချစ်ခင်သော ချင်းလူမျိုးတွေ အများကြီးရှိတဲ့အတွက် စားဝတ်နေရေးအတွက်တော့ စိတ်မပူပါဘူး။

**CW** ။ ။ စီအဲန်ပီပါတီရဲ့ အထွေထွေအတွင်းရေးမှူးကို ထမ်းဆောင်နေတယ်လို့သိရပါတယ်။ ဘယ်အစည်းအဝေးမှာ အတည်ပြုပြီး ဘယ်နေ့မှာ စတင်ထမ်းဆောင်နေတာလဲ။

**CBT**။ ။ ကျနော်တို့ပါတီက တောင်ပိုင်းချင်းလူမျိုးတွေ အများကြီးပါဝင်ဖို့ ရည်ရွယ်တဲ့အတွက် အထွေထွေအတွင်းရေးမှူးနေရာကို ပါတီစတင်တည်ထောင်ပြီး (၂) လ တိုင်အောင် နေရာလွတ်ထားထားပေမယ့် အဆင်မပြေတဲ့အတွက် June 7, 2010 နေ့မှာ ကော်မတီကနေ ကျနော့်ကို ရွေးချယ်ကြတာဖြစ်ပါတယ်။

**CW** ။ ။ **CNP** နဲ့ **CPP** တွေ့ဆုံဆွေးနွေးမှုလုပ်ခဲ့တယ်လို့သိရပါတယ်။ အဲဒီအစည်းဝေးကနေ ဘာတွေလုပ်ဖို့နဲ့ ဘာတွေ ဆွေးနွေးဖြစ်ခဲ့တာ ရှိပါသလဲ။

**CBT** ။ ။ **CPP** နဲ့ **CNP** ကတော့ ပထမအကြိမ်တွေ့ဆုံပြီးသလို– နောက်များမှာလည်း ဆက်လက်တွေ့ဆုံဖို့အတွက် ရည်ရွယ်ချက်ထားကြတယ်။ “ညီအကိုပါတီ” ဖြစ်တယ်ဆိုတာကိုလည်း ကျနော်တို့ဆုံးဖြတ်တယ်။ မလိုအပ်တဲ့နေရာမှာ ထိပ်တိုက်မတွေ့ဖြစ်အောင်လည်း ဖြစ်နိုင်သရွေ့ ယှဉ်ပြိုင်ရွေးချယ်ကြမယ့် မဲဆန္ဒနယ်များမှာလည်း ညှိညှိနှိုင်းနှိုင်းလုပ်သွားလိုကြတယ်။ စီအဲန်ပီပါတီဟာဆိုရင် ချင်းပြည်အတွက် လုပ်ကိုင်ပေးဆပ်လိုတဲ့သူ၊ လုပ်မယ့်သူ ဖြစ်လို့ကတော့ ဘယ်သူနဲ့မဆို လက်တွဲဖို့ အသင့်ဖြစ်ပါတယ်။

**CW** ။ ။ ချင်းလူမျိုးများ အကြားမှာ– အမြစ်တွယ်နေသေးတယ်လို့ပြောလို့ရတဲ့ ကျဉ်းမြောင်းတဲ့ဒေသစွဲစိတ်ကို ဘယ်လို ပယ်ပြောက်အောင် လုပ်နိုင်မယ်လို့ ခင်ဗျားယူဆသလဲ။

**CBT** ။ ။ ယနေ့ချင်းလူမျိုးများအကြားမှာရှိတဲ့ အဓိကပြဿနာကတော့ **Localism/racialism** လို့ခေါ်ရမယ့် ကျဉ်းမြောင်းတဲ့စိတ်ဓါတ်ဖြစ်မယ်လို့ ထင်တယ်။ **OCO** မှာ ကျနော်လှုပ်ရှားနေခဲ့တဲ့ကာလတလျှောက်မှာလည်း ကြုံခဲ့ရတယ်။ ဒါပေမယ့် ဒါဟာ ကျနော်တို့ရဲ့ အားနည်းချက်ကြောင့် ဖြစ်ရတယ်လို့ တခါမှ မစဉ်းစားဖူးပါဘူး။ အင်္ဂလိပ်အစိုးရ၊ ဗိုလ်နေဝင်းနဲ့ ဗမာလူမျိုးကြီးဝါဒကျင့်သုံးသူတွေရဲ့ **divide and rule** ဆိုတဲ့ ပေါ်လစီအောက်မှာ– နှစ်ပေါင်း (၅၀) ကျော် ကြုံတွေ့ဖြတ်သန်းလာခဲ့ရခြင်းရဲ့ အဖြေပါ။ ပလက်ဝမြို့နယ်ကို ချင်းပြည်ထဲမှာ ထည့်နိုင်တာတောင် မကြာလှသေးပါဘူး။ ဒီနေ့အချိန်မှာ– မီဇိုရမ်မှာရှိတဲ့ ညီအကိုမောင်နှမတွေကို မင်းတို့မှာ မျိုးနွယ်စု (၁၅) ခုတောင်ရှိတယ်မလားလို့ ပြောရင် သူတို့ လုံးဝသိနားလည်မှာ မဟုတ်ပါဘူး။ ကျနော်ကတော့ စနစ်က အရေးကြီးတယ်လို့ သုံးသပ်တယ်။ ယနေ့အထိ ချင်းအကြောင်းကို ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လုပ်ကိုင်ခွင့် အနေအထားတခုမှ မရှိသေးပေမယ့် ယနေ့အချိန်အထိ ချင်းလူမျိုးစိတ်ဓါတ် ခိုင်မာစွာ ရပ်တည်နိုင်တာဟာဆိုရင် ကျနော်တို့ပြည်သူတွေကို ဂုဏ်ပြုဖို့တောင် သင့်တယ်လို့ မြင်တယ်။ စနစ်ကောင်း သွားတဲ့အခါကြရင်– ဒီလိုမျိုးကိစ္စသေးငယ်၊ စိတ်ဓါတ်သေးငယ်တွေမှာ လူထုဟာ အရှုပ်ခံတော့မှာ မဟုတ်ပါဘူး။

www.chinworld.info

**CW** ။ ။ချင်းပြည်ကို စတင်တာဝန်ယူတာနဲ့ ဘာတွေလုပ်ကိုဖို့ အစီအစဉ်ဆွဲထားပါသလဲ။

**CBT** ။ ။ ကျနော်တို့ပါတီက– ချင်းပြည်အတွက် ရေးဆွဲထားတဲ့ လုပ်ငန်းစဉ်တွေ၊ မူဝါဒတွေရှိပါတယ်။ ဒါပေမယ့် ဒါတွေဟာ ပါတီအနေနဲ့ ရေးဆွဲထားတာမျှသာဖြစ်ပါသေးတယ်။ ကျနော်တို့ဟာ ပါတီထက် လူထုကို အမြင့်မှာထား ဦးစားပေးတဲ့ သူများဖြစ်တဲ့အတွက်– ကျနော်တို့အစိုးရတက်တာနဲ့ ကျနော်တို့ရဲ့ ပေါ်လစီတွေကို လူထုဆီကို အရင်ချပြမှာဖြစ်ပါတယ်။ ချင်းပြည်မှာရှိတဲ့ လူကြီးသူမတွေ၊ ဘာသာရေးဦးဆောင်သူတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ တွေ၊ လူငယ်အဖွဲ့တွေ၊ မီဒီယာတွေ၊ ပညာရှင်တွေနဲ့ လူထုဆီမှာ သူတို့ရဲ့ အကြံဉာဏ်တွေကို တောင်းခံမှာဖြစ်ပါတယ်။ အဲဒီအထဲကနေ အကောင်းဆုံးနဲ့ လူအများစုက စဉ်းစားတွေးတောတာတွေကို ကျနော်တို့က လုပ်သွားမှာဖြစ်ပါတယ်။ တိုင်းပြည်တပြည် တည်ထောင်ဖို့ဆိုတာက– အုပ်ချုပ်သူများရဲ့ တော်ခြင်း၊ တတ်ခြင်းဆိုတာထက်– လူထုကို ဘယ်လောက်ထိချစ်ပြီး၊ လူထုစကား ဘယ်လောက်အထိ နားထောင်သလဲဆိုတာက ပိုအရေးကြီးပါတယ်။ လူထုဟာ မအပါဘူး။ လူတော်တွေဖြစ်ပေမယ့် လူထုအကြိုက်မလုပ်ကြတဲ့သူတွေဟာ ယနေ့မှာဆိုရင် ပြဿနာ ပိုဖြစ်နေတယ်မဟုတ်လား။

**CW** ။ ။ ဆိုတော့– အခုလောလောဆယ်တာဝန်ယူနေတဲ့ ချင်းပြည်နယ်ဦးဆောင်အဖွဲ့တွေက ဘာမှ မလုပ်ဘူးဆိုတဲ့ သဘောလား။

**CBT** ။ ။ ဟဲဟဲ၊ ချင်းပြည်ကို ဦးဆောင်နေကြတဲ့သူတွေကလည်း သူတို့လုပ်နိုင်သရွေ့ ကောင်းကောင်းလုပ်ပေးနေတာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့်– လူထုကနေ လူထုအတွက် သစ္စာအရှိဆုံးဖြစ်မယ်လို့ ယုံကြည်တဲ့ ရွေးချယ်ခံခေါင်းဆောင်တွေက ဦးဆောင်အစိုးရပြီး လုပ်ကိုင်မှသာ တိုင်းပြည်ဟာ ပိုမိုတိုးတက်တယ်လို့ ယုံကြည်တဲ့အတွက်– အခုလာမယ့် ရွေးကောက်ပွဲကို ကျနော်တို့ ဝင်ကြတာမဟုတ်ဘူးလား။

**CW** ။ ။၂၀၁၀ အလွန် ချင်းပြည်က ဘယ်လိုပုံစံမျိုးထွက်လာမလဲ။

**CBT**။ ။ ဒီမေးခွန်းက အတော်အရေးကြီးတဲ့မေးခွန်းဖြစ်ပေမယ့် ကျနော့်မှာလည်း အဖြေမရှိ၊ မသိသေးပါဘူး။ ရွေးကောက်ပွဲအဖြေအပေါ်မှာပဲ မူတည်မှာဖြစ်တယ်။ ရွေးကောက်ပွဲလို့ပြောတဲ့ဟာလည်း လုပ်ပေးတဲ့သူအပေါ်မှာလည်း အများကြီးမူတည်ပြန်ရော။ ပြီးတော့ နိုင်ငံရေးပါတီတွေ ဘယ်လောက်အထိ အားကောင်းသလဲ။ ဘယ်လောက်သတ္တိရှိကြမလဲဆိုတာနဲ့ လူထုအပေါ်မှာ ဘယ်လောက် သစ္စာရှိကြမလဲဆိုတာတွေက သိပ်အရေးကြီးပါတယ်။ အဲဒီအတိုင်းပဲ လူထုကလည်း ဘယ်လောက်ထိ အစိုးရကောင်းဖြစ်ဖို့ လိုချင်သလဲ။ ဘယ်လောက်အထိ အတွေးအခေါ်မြင့်သလဲ။ ဘယ်လောက်အထိ သတ္တိရှိသလဲဆိုတဲ့အပေါ်မှာလည်း အများကြီးမူတည်မှာဖြစ်ပါတယ်။ ကျနော်တို့ယုံကြည်တာကတော့– အနည်းနဲ့အများတော့ လူထုအတွက် အကျိုးတရားရှိမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပါတီကိုတည်ထောင်ခဲ့ကြတာဖြစ်တယ်။

**CW**။ ။ ၁၉၉၀ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့သူတွေက ရွေးကောက်ပွဲပြီးတာနဲ့ အဆင်ပြေသွားမယ်လို့ ယူဆခဲ့ကြတယ်။ ဒါပေမယ့် စစ်အစိုးရဖက်က ဒရပ်ကြမ်းဖမ်းဆီးမှုကြောင့် ပြည်ပကို ထွက်ပြေးခဲ့ကြရတယ်။ ဒီတကြိမ်မှာကော– အဲဒီလိုဖြစ်လာမယ်လို့ မယူဆနိုင်ဘူးလား။ အဲဒီအတွက်ကိုကော ပြင်ဆင်မှုရှိပါသလား

**CBT**။ ။ ဒီကိစ္စကလည်း စောစောက ကျနော်ပြောသလိုပါပဲ။ ပြောလို့မရသေးပါဘူး။ ၁၉၉၀ နဲ့ ၂၀၁၀ ရွေးကောက်ပွဲတော့ မတူတာတွေ အများကြီးရှိပါတယ်။ ၁၉၉၀ လိုမျိုး ပြန်ဖြစ်လာနိုင်ပေမယ့် ဒါကိုကြောက်ပြီးတော့မှ အေးအေးမနေနိုင်ပါဘူး။ လူထုအတွက် ပလက်ဖောင်းပေါ်ကနေ သတ္တိရှိရှိနဲ့ ဆွဲတင်မယ်။ ဒါပါပဲ။

**CW** ။ ။ ဒီရွေးကောက်ပွဲကို မတရားဘူးလို့ သုံးသပ်ထင်မြင်သူတွေက– “ငါးကြင်းဆီနဲ့ ငါးကြင်းကြော်” တာ သက်သက်ပါ။ ဗိုလ်ဆိုတဲ့ နာမည်ကနေ ဦးဆိုတဲ့ နာမည်ကို ပြောင်းလိုက်တာပဲ။ တခြား သူတို့ ဘာမှ စဉ်းစားတာ မဟုတ်ပါဘူးတဲ့။ အဲဒီသဘောထားတွေ အပေါ် ဘယ်လိုတုန့်ပြန်ချင်ပါသလဲ။

www.chinworld.info

**CBT ။** ။ ကျနော်တို့တိုင်းပြည်ရဲ့ (၄၈) နှစ်တာ ဒီမိုကရေစီခရီးမှာ ဒီလိုမျိုး ကိစ္စတွေ အများကြီးကြုံခဲ့ရတဲ့အတွက် ဒီလိုမျိုးစဉ်းစားသူတွေဘက်ကလည်း ဒီလိုစဉ်းစားတာ မမှားဘူးလို့ ကျနော်မြင်တယ်။ ဒါပေမယ့် တခြားတဖက်မှာ ကျနော်ဝမ်းနည်းတာက– အခုခင်ဗျားမေးသလို *"ဘာမှ ဟုတ်လာမှာ မဟုတ်ပါဘူး"* လို့ပြောတဲ့ သူတွေ၊ ကျနော်တွေ့တဲသူတွေထဲမှာ အများစုကတော့ သူတို့ကိုယ်တိုင်လည်း ဘာမှလုပ်တာလည်း မရှိပါဘူး။ အခု စစ်တပ်က နိုင်ငံရေးအပြောင်းအလဲလုပ်တာဟာ လူထုနဲ့ နိုင်ငံတကာ ကြိုက်တဲ့ပုံစံမျိုး မဖြစ်ကောင်း မဖြစ်နိုင်ပေမယ့် တဖက်မှာ– သူတို့အတွက်တော့ အနှစ် (၂၀) အတွင်းမှာ အကြီးဆုံး ပြောင်းလဲမှုကြီး ဖြစ်တယ်။ အကောင်းလား၊ အဆိုးလားဆိုတာကတော့ ပြောဖို့ခက်နေတဲ့အချိန်ဖြစ်နေပေမယ့် ဘာပဲဖြစ်ဖြစ် ဒါဟာ လူထုနဲ့ နိုင်ငံရေးသမားများအတွက်တော့ အချိန်ကောင်းမှာ အသုံးချတတ်ရင် မမှားနိုင်ဘူး။

**CW ။** ။ ချင်းဝေါလ်အင်တာနက်စာမျက်နှာကနေတဆင့် ချင်းပြည်သူများကို ဘာများ မှာကြား၊ ပြောကြားချင်တာ ရှိပါသလဲ။

**CBT ။** ။ **CNP** ဟာခင်ဗျားတို့ပါတီဖြစ်ပါတယ်။ ကျနော်တို့ကို လာ "မဲ" ပေးကြပါ။ အစိုးရမဖြစ်နိုင်ရင်တောင်မှ– အစိုးရသစ်မှာ သူတို့လုပ်ချင်သလိုလုပ်ပြီး၊ လူထုကို မဖိနှိပ်နိုင်ဖို့၊ လူထုမသိဘဲ သူတို့သဘောနဲ့ ငွေကြေး ရှာဖွေ/သုံးစွဲ မှုတွေ မလုပ်နိုင်ဖို့၊ လူထုရဲ့ အကျိုးစီးပွားကို မဆုံးရှုံးဖို့ရန်အတွက် ကျနော်တို့ရဲ့ ရှိသမျှ ခွန်အားနဲ့ ခင်ဗျားတို့ရှေ့မှာ ရပ်မှာဖြစ်ပါတယ်။ ကျနော်တို့ကို မဲပေးမှသာလျှင် လူထုကို ကာကွယ်နိုင်မှာဖြစ်တယ်။ ဒီ့အပြင် ပြည်ပမှာရှိပြီး မဲပေးနိုင်တဲ့သူများအားလုံးလည်း ခင်ဗျားတို့ရဲ့ မဲကို အသုံးပြုပြီး **CNP** နဲ့ ချင်းပြည်အတွက် လုပ်ကိုင်ကြဖို့ ဖိတ်ခေါ်တယ်။ နောက်ပြီး ပြည်ပမှာရှိတဲ့ သူများအားလုံး– ပြည်တွင်းမှာရှိတဲ့ ခင်ဗျားတို့ရဲ့ ဆွေးမျိုးတွေဆီမှာ– **CNP** မှ ချင်းပြည်အတွက် အတူတကွ လက်တွဲလုပ်ဖို့ ဖုန်းဆက်ဖြစ်အောင် ဆက်ပေးကြဖို့ကိုလည်း တောင်းဆိုတယ်။ ခင်ဗျားတို့ပါဝင်ခြင်းအားဖြင့် **CNP** ဟာ အောင်မြင်ခြင်းကို ဆွတ်ခူးမှာ ကေန်မလွဲဖြစ်ပြီး ချင်းပြည် ပြန်လည်ထွန်းတောက်လာမှာဖြစ်တယ်။

**CW ။** ။အခုလိုမျိုး မအားမလပ်တဲ့ကြားကနေ အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**CBT ။** ။ ကျနော်လည်းကျေးဇူးတင်ပါတယ်။

**************************

www.chinworld.info